**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၀ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

**မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်၍ ၎င်းအာမခံစနစ်၏ အကျိုးကျေးဇူးကြောင့် ကျန်းမာရေးအတွက် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးကုန်ကျစရိတ် သက်သာစွာဖြင့် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိစေရေးနှင့် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ စနစ်တကျရှိစေရေးနှင့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ လိုအပ်သောအကြံဉာဏ်များနှင့် လမ်းညွှန်မှုများပေးအပ်ရန်နှင့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် **"မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (င) | ဗိုလ်ချုပ်စိုးဝင်း(ငြိမ်း)<br>တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏<br>ဆေးဘက်ဆိုင်ရာအကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ဒေါက်တာဖေသက်ခင်<br>ပြည်ထောင်စုဝန်ကြီး(ငြိမ်း) | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာသန်းထွန်းစိန်<br>ညွှန်ကြားရေးမှူး(ငြိမ်း) | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ စနစ်တကျရှိစေရေးနှင့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်သော အကြံဉာဏ်များနှင့် လမ်းညွှန်မှုများပေးအပ်ရန်၊

(ခ) မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး ဆောင်ရွက်ရာတွင် နီးနွယ်ဝန်ကြီးဌာနများအကြား လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆန်းစစ်လမ်းညွှန်မှုများ ဆောင်ရွက်ပေးရန်၊

(ဃ) မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအကြံပေးအဖွဲ့မှ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ပေါ်ပေါက်လာစေရေး ဆောင်ရွက်မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အခါအားလျော်စွာ တင်ပြပေးရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး